April 27, 2010

# တိုတယ် (Total S.A.)၊ ရှယ်ဘရွန် (Chevron) နှင့် ဖီတီတီအီးဖီ (PTTEP) ကုမ္ပဏီများတို့ မှမြန်မာပြည်အတွင်းရှိ မိမိတို့၏စီမံကိန်းအပေါ် ဘဏ္ဍာရေး ဆိုင်ရာပွင့်လင်းမြင်သာမှုဖြစ်စေရန်သဘောထားတောင်းဆိုမှု

တိုတယ် အက်စ်.အေ၊ ရှယ်ဘရွန်နှင့် ဖီတီတီ ရေနံကုမ္ပဏီတို့ မှ မြန်မာပြည်အတွင်းရှိသဘာဝသယံဇာတ များထုတ်ယူအသုံးပြုရာတွင်မိမိတို့ ကုမ္ပဏီများ၏ ပွင့်လင်းမြင်သာမှုနှင့်တာဝန်ယူရှိမှုတို့ အားပြသနိုင်ရန်မိမိတို့ မှ မြန်မာအစိုးရအားမည်သို့ မည်မျှပေးအပ်နေသည်ကိုဖေါ်ထုတ်ပြသနိုင်ရန်အတွက်၎င်းတို့ရေနံကုမ္ပဏီများ၏ပထမဦးဆုံးသောအခွင့်အရေးလမ်းစတခုအဖြစ်နေပါသည်။အောက်ဖေါ်ပြပါလက်မှတ်ထိုးထားသည့်အစိုးရမဟုတ်သောအဖွဲ့ အစည်းများ၊ယူနီယံအဖွဲ့ များ၊ ရင်းနှီးမြုပ်နှံမှုပြုလုပ်သောအဖွဲ့ များနှင့်ပညာရှိများတို့ မှ တိုတယ် အက်စ်.အေ၊ ရှယ်ဘရွန်နှင့် ဖီတီတီ တို့ မှလက်ရှိအခွင့်အရေးအားရယူပြီး မိမိတို့ မှမြန်မာစစ်အစိုးရအား၁၉၉၂ခုနှစ်မှစ၍ ပေးကမ်း ခဲ့သောဘဏ္ဍာငွေများအားအလုံးစုံထုတ်ဖေါ်တင်ပြရန်တောင်းဆိုလိုက်ပါသည်။ ယင်းထုတ်ဖေါ်တင်ပြရာတွင် အစိုးရအားအခွန်ဆောင်ခြင်း၊လုပ်ငန်းအကုန်အကျပေးခြင်း၊အခွန်ငွေပေးခြင်း၊ ဘောနပ်စ်နှင့်လူမှုရေးဆိုင်ရာ အထောက်အကူပေးခြင်းများလည်းပါရှိရမည်ဖြစ်ပါသည်။

တိုတယ်အက်စ်အေသည် ၁၉၉၂ ခုနှစ်၍မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့ ဝန်ကြီးဌာန (MOGE) နှင့်မြန်မာနိုင်ငံ အက်ဒမန်ပင်လယ်ရှိ သဘာဝဓာတ်ငွေ့ရှာဖွေတူးဖေါ်ရေးနှင့်ဈေးကွက် ရှာဖွေရေးအတွက်ထုတ်လုပ်မှုရှယ်ရာ စာချုပ်ကိုလက်မှတ်ရေးထိုးခဲ့ပါသည်။ ဤကုမ္ပဏီသည် ယခုအချိန်တွင်မြန်မာနိုင်ငံမှအိမ်နီးချင်းထိုင်းနိုင်ငံသို့ သဘာဝဓာတ်ငွေ့ပို့ဆောင်သည့်ရှယ်ဘရွန်နှင့်ဖီတီတီအပါအဝင်ရတနာသဘာဝဓာတ်ငွေ့ပိုက်လိုင်းကိုလုပ်ဆောင်နေသောအဖွဲ့၏အဓိကရှယ်ယာပိုင်ဆိုင်သောကုမ္ပဏီဖြစ်နေပါသည်။

ရတနာပိုက်လိုင်းအတွက်ပြင်ဆင်မှုသည် ၁၉၉၀ ခုနှစ်အစောပိုင်းနှစ်များတွင်စတင်ခဲ့ပြီး ၁၉၉၆ ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိတရားဝင်တည်ဆောက်မှုများကိုပြုလုပ်ခဲ့ပါသည်။ ထိုင်းနိုင်ငံရှိဖီတီတီကုမ္ပဏီမှဓာတ်ငွေ့ရောင်းချမှုအား ၂၀၀၀ခုနှစ်တွင်စတင်ခဲ့ပြီးလက်ရှိအချိန်ထိ ဆက်လက်ရောင်းချလျက်ရှိပါသည်။ ဤပိုက်လိုင်းစီမံချက်သည် ထိုင်းနိုင်ငံဘန်ကောက်၏မြို့ပြဒေသများသို့လျှပ်စစ်စွမ်းအင်ပြောင်းလဲထောက်ပံ့ပေးနေသောပင်မစွမ်းအင်နှစ်ခုကိုစွမ်းအင်ဖြည့်စည်းပေးရန်ထိုင်း-မြန်မာနယ်စပ်မှတဆင့်သဘာဝဓာတ်ငွေ့များကိုပို့ဆောင်ပေးပါသည်၊ ဤစီမံချက် သည်မြန်မာအာဏာပိုင်များ၏ဘဏ္ဍာရေးအတွက်လတ်တလောတွင်အကြီးမားဆုံးဝင်ငွေအရင်းအမြစ်တစ်ခုအပါအဝင်ဖြစ်နေပါသည်။

၂၀၀၉ ခုအောက်တိုဘာလတွင်တိုတက်အက်စ်အေမှ ၂၀၀၈ခုနှစ်အတွင်းရတနာသဘာဝဓာတ်ငွေ့စီမံကိန်းမှ မြန်မာအာဏာပိုင်များအတွက်၎င်းတို့ ပေးအပ်ခဲ့သည့်အခန်းကဏ္ဍာသည်အမေရိကန်ဒေါ်လာသန်း ၂၅၄သန်း ဖြစ်ကြောင်းထုတ်ပြန်ခဲ့ပါသည်။

အောက်ဖေါ်ပြပါလက်မှတ်ထိုးထားသူများမှကုမ္ပဏီအားမှန်ကန်သော လမ်းကြောင်းသို့ဦးတည်သောခြေလှမ်းအပေါ်တွင်အသိအမှတ်ပြုပြီး ဤအခွင့်အရေးကိုရယူ၍တိုတယ်အက်စ်အေ၊ရှယ်ဘရွန်နှင့်ဖီတီတီအီးဖီကုမ္ပဏီ များမှမြန်မာနိုင်ငံအတွင်းအနာဂတ်လုပ်ငန်းစဉ်များတွင်ပြည့်စုံသော ဘဏ္ဍာရေးရှင်းလင်းမြင်သာချက်များကိုပြု လုပ်ရန်တောင်းဆိုပြီး ၁၉၉၂ ခုနှစ်မှစ၍မြန်မာအာဏာပိုင်များသို့ပြုလုပ်ခဲ့သောဘဏ္ဍာငွေပေးချေမှုများကိုဖော် ထုတ်ရန်တိုက်တွန်းလိုက်ပါသည်။ ကျွန်ုပ်တို့အနေနှင့် တိုတယ် အက်စ်အေ သို့ ရတနာစီမံချက်ဒေသရှိ၎င်း တို့၏ လူမှု-စီးပွား စီမံချက်များသို့ ပံ့ပိုးသောပေးချေမှုပမာဏနှင့်ငွေစီးဆင်းမှုသတင်းအချက်အလက်များအပါအဝင်၊ လူမှု-စီးပွားစီမံချက်များ၏ငွေကြေးများအဘယ်ကပေးအပ်သည်ကိုထုတ်ဖေါ်မှုပြုလုပ်ရန်တိုက်တွန်းလိုက်ပါသည်၊

အောက်ဖေါ်ပြပါလက်မှတ်ထိုးထားသူများအနေနှင့်အကယ်၍တိုတယ်အက်စ်အေ၊ရှယ်ဘရွန်နှင့်ဖီတီတီအီးဖီတို့အနေနှင့် ၁၉၉၂ မှစ၍မြန်မာအာဏာပိုင်များကိုပေးချေခဲ့သည့်ဘဏ္ဍာမှုပိုင်းဆိုင်ရာသတင်းနှင့်အချက်အလက်များ ထုတ်ပြန်ခဲ့လျှင်ကုမ္ပဏီများအနေနှင့်မြန်မာပြည်သူများဆီသို့ကောင်းကျိုးပြုသောသတင်းပို့ရာရောက်သကဲ့သို့နိုင်ငံအတွင်း၎င်းတို့ကုမ္ပဏီများအတွက်ပိုမိုအပြုသဘောဆောင်သောတည်ရှိမှုကိုဖြန့်ဝေရာတွင်အကူအညီဖြစ်နိုင်သည်ဟုယုံကြည်ကြပါသည်။ ဤသို့ပြုလုပ်ခြင်းဖြင့်ရှယ်ယာပိုင်ဆိုင်သူများတွင်တန်ဖိုးကိုလည်းမြင့်တင်ပေးနိုင်ပါသည်။ ထို့အပြင်ဘဏ္ဍာရေးမြင်သာရှင်းလင်းမှုသည်ကုမ္ပဏီများနှင့်၎င်း၏အိမ်ရှင်နိုင်ငံများအတွက်မြန်မာအာဏာပိုင်များမှသဘာဝဓာတ်ငွေ့မှရရှိသည့်ဘဏ္ဍာရေးအားအလွဲသုံးစားစီမံကန့်ခွဲမှုပြုလုပ်ရာတွင်ပါဝင်ပါတ်သက်နေသောပုံသဏ္ဍာန်ကိုရှောင်လွှဲနိုင်ရာတွင်အကူအညီပေးနိုင်သကဲ့သို့မြန်မာပြည်အတွင်းအခြားသောသဘာဝသယံဇာတအရင်းအမြစ်များထုတ်ယူစီမံချက်အသစ်များတွင်ပါဝင်နေသောရေနံကုမ္ပဏီများအတွက်အရေးကြီးပြီးအပြုသဘောဆောင်သောသတင်းပေးပို့ရာရောက်ပါသည်။

မြန်မာနိုင်ငံအတွင်းဘဏ္ဍာရေးဆိုင်ရာရှင်းလင်းမြင်သာမှုသည် တိုတယ်၊ရှယ်ဘရွန်နှင့်ဖီတီတီအီးဖီ တို့.စွမ်းဆောင်ရည်အတွင်းတည်ရှိနေပါသည်။ တိုတယ်၊ရှယ်ဘရွန်နှင့်ဖီတီတီအီးဖီတို့အပါအဝင်ကုမ္ပဏီများမှမြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ဝန်ကြီးဌာနနှင့်ချုပ်ဆိုခဲ့သောစာချုပ်သည် မြန်မာနိုင်ငံသားများနှင့် တိုတယ်၏လုပ်ဖော်ကိုင်ဖက် ယူနိုကယ် ကော်ပရေးရှင်းအကြားအမေရိကန်တရားရုံးတွင်ရင်ဆိုင်ခဲ့သောလူ့အခွင့်အရေးဆိုင်ရာတရားစွဲဆိုမှုမှ တဆင့်အများပြည်သူသိရှိစေသည့်အချက်အလက်များဖြစ်ခဲ့ပါသည်။ ယင်းစာချုပ်သည် တိုတယ်၊ရှယ်ဘရွန် သို့မဟုတ် ဖီတီတီအီးဖီ တို့အားမြန်မာ စစ်အာဏာပိုင်မဏ္ဍားအားငွေပေးချေမှုများတွင်ပြည့်စုံသော ဘဏ္ဍာရေး ဆိုင်ရာရှင်းလင်းမြင်သာမှုများကို လုပ်ဆောင်ခြင်းမှတားဆီးမှုမရှိပါ။ ၂၀၀၉ အောက်တိုဘာလ အတွင်းတိုတယ် အက်စ်အေမှထုတ်ပြန်သော စုစုပေါင်းအရည်အတွက်များသည် တစ်နည်းအားဖြင့်ကုမ္ပဏီများပေးချေမှု ကိန်းကဏန်းများကိုထုတ်ဖော်နိုင် ကြောင်းအတည်ပြုနေပါသည်။

ထိုမျှမက တိုတယ် အက်စ်အေသည် ယေဘုယအားဖြင့် လူသိရှင်ကြားငွေကြေးရှင်းလင်းမြင်သာမှုကိုတင်း ကြပ်ခြင်းအားပြုလုပ်နေကြောင်းဟုကြေငြာထားပြီး၊ အများအားဖြင့်သဘာဝရင်းမြစ်ကြွယ်ဝသော နိုင်ငံများ၌ ယင်းသဘာဝအရင်းအမြစ်မှရရှိသောငွေများသည်ပြည်သူများကြားမညီမျှစွာခွဲဝေသုံးချနေခြင်း၊ရှင်းလင်းမြင်သာမှုကင်းမဲ့ခြင်းသည်အိမ်ရှင်နိုင်များအတွင်းအားနည်းသော လူ့အဖွဲ့အစည်းနှင့်ကတောက်ကဆများဖြစ်ပွားခြင်းကို ထင်ဟပ်နေခြင်းဖြစ်သည်ကိုအသိအမှတ်ပြုပြီးဖြစ်ပါသည်။ တိုတယ် အက်စ်အေ၏ ယခင် စီအီးအို ဘုတ်အဖွဲ့ ဥက္ကဌ ဖြစ်သော Thierry Desmarest ကရှင်းလင်းမြင်သာခြင်း သည်တိုတယ်၏အကျိုးကျေးဇူးအတွက် ဖြစ်သည်ကိုတိကျစွာနှင့်မှန်ကန်စွာမှတ်သားခဲ့ပါသည်။ တိုတယ်နှင့်ရှယ်ဘရွန်တို့သည်သဘာဝအရင်းအမြစ်ထုတ်ယူမှုအားရှင်းလင်းမြင်သာစေသည့်လုပ်ငန်းစဉ် (EITI) တွင်ခေါင်းဆောင်မှုခန်းကဏ္ဍတွင်လုပ်ဆောင်နေသော်လည်းလက်ရှိအချိန်ထိအစိုးရများကိုပေးခြေမှုများအားနိုင်ငံတစ်နိုင်ငံမှတစ်နိုင်ငံခြင်းအားအခြေခံပြီးထုတ်ပြန်ထားခြင်းမရှိသေးပေ။

သဘာဝအရင်းအမြစ်ထုတ်လုပ်သည့်လုပ်ငန်းအများအတွင်းဘဏ္ဍာရေးရှင်းလင်းမြင်သာမှုသည် ကော်ပိုရေးရှင်း များ၏တာဝန်ဝတ္တရားအစိတ်အပိုင်းဖြစ်လာပြီး ရင်းမြစ်ကြွယ်ဝသောဖွံ့ဖြိုးဆဲနိုင်ငံများအတွင်းတည်ငြိမ်ကောင်း မွန်သောအုပ်ချုပ်ရေးကိုမြင့်တင်နေပြီးရေရှည် စွမ်းအင်လုံခြုံမှုကိုပင်အထောက်ကူပေးနေပါသည်။ နိုင်ငံခြား ကုမ္ပဏီများမှအိမ်ရှင်နိုင်ငံအပေါ် ပေးခြေမှုအားမြင်သာရှင်းလင်းမှုသည် အိမ်ရှင်နိုင်ငံများ၏ ဘဏ္ဍာရေး စီမံခန့်ခွဲမှု ဝတ္တရားကိုမြင့်တင်ပေးပြီး၊ အိမ်ရှင်နိုင်ငံမှနိုင်ငံသားများ၏လူနေမှုဘဝကိုတိုးတက်စေခြင်းဖြင့်၎င်းတို့ တိုင်းပြည်၏ သဘာဝအရင်းအမြစ်များရရှိသောအကျိုးကျေးဇူးကိုခံစားရမည်ဖြစ်ပါသည်။

အလားတူပင် အောက်တွင်လက်မှတ်ထိုးထားသူများအနေဖြင့် အိမ်ရှင်နိုင်ငံများ၏ရှင်းလင်းမြင်သာမှု ရှိခြင်းသည် လည်းညီမျှစွာအရေးကြီးကြောင်းလက်ခံယုံကြည်ထားပါသည်။ မြန်မာစစ်အစိုးရအာဏာပိုင်များမှယင်း အကျိုးတူ စီမံကိန်းမှရရှိသည့်ဘဏ္ဍာရေးကိုထုတ်ဖော်ရန် အီးအိုင်တီအိုင် (EITI) ကိုအတုယူကျင့်သုံးရန် နိုင်ငံအတွင်းရှိ ရေနံ၊ဓာတ်ငွေ့၊သတ္တုတူးဖော်ရေးနှင့်ရေအားလျှပ်စစ်စီမံကိန်းလုပ်ဆောင်နေသောကုမ္ပဏီများအားအလုံးစုံသောဘဏ္ဍာငွေရှင်းလင်းမြင်သာမှုကိုကျင့်သုံးရန်တောင်းဆိုခြင်းများပြုလုပ်ရန်အမြန်ဆုံးခြေလှမ်းစတင်သင့်ကြောင်းတောင်းဆိုလိုက်ပါသည်။

မြန်မာနိုင်ငံတွင်အကျိုးတူစက်မှုလုပ်ငန်းများအတွင်းရှင်းလင်းမြင်သာမှုအမှန်တကယ်လိုအပ်ကြောင်းထင်ရှားစေသည့်အရေးကြီးသောအချက်များတွင်၊ သဘာဓာတ်ငွေ့ရောင်းချခြင်းသည် တိုင်းပြည်ဝင်ငွေ၏ကြီးမားသောရာခိုင် နှုန်းဖြင်ခြင်း၊ကောင်းမွန်သောအုပ်ချုပ်မှုမရှိခြင်းနှင့်အာဏာပိုင်များ၏မှတ်တင်းတင်ထားသောအကျင့်ဖျက်ခြစားမှု၊ ဆိုးရွားသောလူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ရေနံနှင့်သဘာဝဓာတ်ငွေ့တိုးတက်ရေးစီမံကိန်းများနှင့် ဆက်နွယ် မှုများသည် တိကျခိုင်မာသည့်စွပ်စွဲချက်များရှိနေခြင်းတို့ပါဝင်ပါသည်။

ဖြစ်ပေါ်နေသည့်အကျိုးဆက်များအပေါ် အစီအစဉ်တကျကောင်းမွန်စွာမှတ်တမ်းပြုလုပ်ထားပြီးကျယ်ပြန့်စွာသိရှိ ထားသောမြန်မာစစ်အစိုးရ၏စစ်တပ်မှဒေသခံပြည်သူများအပေါ် ကျူးလွန်သည့်လူအခွင့်အရေးချိုးဖောက်မှုများ သည် တိုတယ်အက်စ်အေ၊ ရှယ်ဘရွန် (ယခင်ယူနိုကယ်လ်) နှင့် ဖီတီတီအီးဖီတို့အတွက်ရတနာဓာတ်ငွေ့စီမံကိန်း ကနဦးရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန်အကြံပေးမှုများမဖြစ်သင့်ကြောင်းအောက်တွင်လက်မှတ်ထိုးထားသူ များမှယုံကြည် ပြီးဖြစ်ပါသည်၊

တိုတယ်အက်စ်အေ၊ရှယ်ဘရွန်နှင့်ဖီတီတီအီးဖီတို့သည်ယခုအချိန်တွင်မြန်မာပြည်ဘဏ္ဍာရေးမြင်သာရှင်းလင်းမှုကိုစတင်လုပ်ဆောင်သင့်ပြီး၎င်းမှကော်ပိုရိတ်တာဝန်ဝတ္တရား၏အခြေခံအစိတ်အပိုင်းအဖြစ်ကျင့်ဆောင်သင့်ပါ သည်။

လက်မှတ်၊

---

*This statement will remain open to endorsements until the Yadana companies practice revenue transparency. To endorse this statement email* **transparency@earthrights.org**.